သမ္မာကျမ်းဆိုင်ရာအတွေးအမြင်



သခင့်ထံ၌ရပ်တည်ကိုးစားရန်မေ့မသွားပါနှင့်

ဂါလိလဲအိုင်၌လှိုင်းတံပိုးပြင်းစွာထ၍လှေကိုလွှမ်းသည့်အခါ တပည့်တော်များသည်လွန်စွာကြောက်လန့်နေကြလေ၏။ ထိုအချိန်တွင် ယေရှုသည်အိပ်စက်၍နေသည်။ ကယ်တင်ဖို့ရန်ယေရှု မတတ်စွမ်းတော့ပြီလော့။ တပည့်တော်များ၏အသက်များပျက်စီးမည်ကို ယေရှုဂရုမပြုတော့ပြီလော့။ ဤသို့သောအချိန်၌ ယေရှုကိုနိုး၍ "သခင်၊အကျွန်ုပ်တို့သည်ပျက်စီးခြင်းသို့ရောက်ပါ၏...ကယ်မတော်မူပါ" ဟုအော်ဟစ်ကြလေ၏။ သို့သော်ယေရှု၏အမြင်တွင် ဤမျှစိုးထိန့်စရာမလိုပေ။ မုန်တိုင်းထန်၍လှိုင်းကြမ်းသော်လည်း ဘုရားအခွင့်မပေးပါက စိုးရိမ်စရာမရှိ၊ ဘာမျှဖြစ်မည်မဟုတ်ပေ။ ထိုကြောင့်တပည့်တော်တို့အား "ယုံကြည်အားနည်းသောသူတို့အဘယ်ကြောင့်ကြောက်တတ်သနည်းဟုမေးပြီးလျှင် ထ၍လေနှင့်ပင်လယ်ကိုဆုံးမတော်မူသဖြင့် အလွန်သာယာလေ၏... ထိုလူတို့ကလည်း ဤသူကားအဘယ်သို့သောသူနည်း။ လေနှင့် ပင်လယ်သည်သူ၏စကားကိုနားထောင်ပါသည်တကားဟု အံ့သြကြ၏" (ရှင်မဿဲခရစ်ဝင်ကျမ်း ၈း၂၃-၂၇)

တပည့်တော်များအပြစ်တင်ခံရခြင်းမှာ ယေရှုကိုနှိုးခဲ့ခြင်းကြောင့်မဟုတ်သလို၊ မိမိတို့အပေါ်ကျရောက်လာမည့် ဘေးကိုဂရုမပြုရန်လည်းမဟုတ်ပေ။ ဘုရားကိုယုံကြည်ကိုးစားခြင်းကြောင့် ဘယ်သောအခါမျှဒုက္ခရောက်မည်မဟုတ် ဟူ၍လည်းမဟုတ်ပေ။ ထိုသူတို့ကို ယေရှုအပြစ်တင်ခြင်းမှာ ခက်ခဲသောအချိန်၌ ထိုသူတို့ မငြိမ်မသက်ဖြစ်၍ယုံမှားနေခြင်းကြောင့်ဖြစ်သည်။ တပည့်တော်တို့သည် အကြောက်တရားကိုလွှမ်းမိုးခွင့်ပေးလျက်၊ မုန်တိုင်းကြားတွင်ဘုရားကို ယုံကြည်ကိုးစားနိုင်ခြင်း၊ ယေရှုနှင့်တစ်လှေတည်းစီးနေလျက်ပင် ယုံကြည်ခြင်းနည်းပါးသောကြောင့် အပြစ်တင်ခံရခြင်းဖြစ်သည်။

သင့်အနေဖြင့် ဤသို့သော ပြဿနာခြိမ်းခြောက်မှုများကို မည်သို့တုံ့ပြန်နေပါသနည်း။ လှိုင်းလုံးကြီးများ၊ မုန်တိုင်းနှင့်အန္တရာယ်ကိုမြင်တွေ့ရသောအခါ ယေရှု၏တပည့်တော်များနည်းတူ ကျွန်ုပ်တို့သည်လည်း ကြောက်ရွံ့နေမည်ဖြစ်သည်။ ထိုသို့သောအခြေအနေ၌ ယေရှုအိပ်ပျော်နေသည်၊ ဘုရားသခင်က ဂရုမပြုဘဲ

ရှိနေသည်ဟူ၍ ကျွန်ုပ်တို့တွေးကောင်း တွေးနေမိမည်။ ထိုသို့မဟုတ်ပါ။ ဘုရားရှင်က ဂရုမပြုခြင်းမဟုတ်ပါ။ ယေရှုအိပ်ပျော်နေခြင်းမဟုတ်ပါ။
ကြုံတွေ့နေရသောပြဿနာအပေါ်တစ်စုံတစ်ခု တုံ့ပြန်ပြုမူနိုင်ပါက လုပ်ဆောင်လိုက်ပါ။ ထိုထက်အရေးကြီးသည်မှာ ယုံကြည်ခြင်း၌ရပ်တည်ဖို့ရန်ဖြစ်လာပါက ထိုဆုံးဖြတ်ချက်ကိုဦးစားပေးရွေးချယ်လိုက်ပါ မိတ်ဆွေ။ ယုံကြည်ခြင်း၌ မရပ်တည်ပါက မုန်တိုင်းကြောင့်မငြိမ်မသက်ဖြစ်လာ၍ သင်၏ဘဝပို၍ခက်ခဲကြပ်တည်းလာ နိုင်သည် ။ ထိုသို့ဖြစ်လာပါက ပိုဆိုးလာ၍အဖြေကို သင်မည်သို့ရှာဖွေနိုင်တော့မည်နည်း။
ထိုင်းနိုင်ငံဒုက္ခသည်စခန်းများတွင်ရှိသော ယုံကြည်သူများနှင့်တွေ့ဆုံရသည်ဖြစ်စေ၊ မြန်မာပြည်ရှိယုံကြည်သူများနှင့်ဖြစ်စေ... သူတို့နှင့်တွေ့ဆုံတိုင်း ကျွန်ုပ်ခွန်အားရသည်မှာ ခက်ခဲမှုပြဿနာများမည်မျှပင်ရှိနေပါစေ ယုံကြည်ခြင်းအပေါ်၌ရပ်တည်နေခြင်းပင်ဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ တရားဒေသနာခံယူခြင်း၊ သီဆိုချီးမွမ်းခြင်း၊ အတူတကွမိသဟာရဖွဲ့ခြင်း၊ အချင်းချင်းကူညီကြခြင်း စသောလုပ်ဆောင်မှုများကို အမြဲပြုလုပ်လေ့ရှိသည်။ ဤနည်းအားဖြင့် မိမိတို့၏ အသက်တာ၊ ဘဝကို ယုံကြည်ခြင်းအပေါ်၌တည်ဆောက်ကြသည်။ ပတ်ဝန်းကျင်၌ မည်မျှပင်ခက်ခဲနေပါစေ... ဤနည်းအားဖြင့် ငြိမ်သက်ခြင်း၊ ခွန်အားနှင့်သတ္တိကို ရရှိနိုင်ကြခြင်းဖြစ်သည်။
ဆာလံဆရာရေးသားသည့်အတိုင်း "အကယ်စင်စစ် ငါ့ဝိညာဉ်သည်ဘုရားသခင်ရှေ့မှာငြိမ်ဝပ်စွာနေတတ်၏။ ငါမျှော်လင့်ခြင်းအကြောင်းသည် အထံတော်ကသက်ရောက်ရ၏။ အကယ်စင်စစ် ဘုရားသခင်သည် ငါ၏ကျောက်၊ ငါ့ကိုကယ်တင်ခြင်းအကြောင်း၊ ငါခိုလှုံရာဖြစ်တော်မူ၍ငါသည်လှုပ်ရှားခြင်းမရှိရာ။" (ဆာလံကျမ်း ၆၂း၅-၆)
ခရစ်တော်၏မေတ္တာဖြင့်
ဦးထင်ကျော် @ Dr. Tim
ဓာတ်ပုံများ - ထိုင်းနိုင်ငံသို့ ၂လတာ အမှုတော်မြတ်လုပ်ဆောင်ခြင်း၌ အတူတကွဝတ်ပြုခြင်း၊ သင်ကြားခြင်း၊ မိသဟာရပြုခြင်းတို့၌ ရိုက်ကူးခဲ့သောအမှတ်တရဓာတ်ပုံအချို့ဖြစ်သည်။
သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြားပေးနေသူဖြစ်သည်။